လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter | သတင်းလွှာ | April 2024

# ၁၃၈၆ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးမှ တက်ရောက်ခြင်း



**၂၀၂၄ခုနှစ်၊ ဧပြီလ ၁၇ ရက်** **နေပြည်တော်**

၁၃၈၆ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို (၁၇-၄-၂၀၂၄) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် နေပြည်တော်ပျဉ်းမနားမြို့၊ ကိုးခန်းကြီးကျောင်းတိုက် ဦးစီးပဓာနနာယက၊ သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဘဒ္ဒန္တအာစိဏ္ဏ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ အနုမောဒနာ တရားနာယူခြင်း၊ ဆရာဒကာကျောင်းများဖြစ်သော ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမတံခွန်တိုင်ကျောင်းတိုက်၊ ကိုးခန်းကြီး ကျောင်းတိုက်တို့မှ ဆရာတော်/ သံဃာတော်များထံမှ ပရိတ်တရားနာယူခြင်း၊ ကမ္မဝါစာတရားနာယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို " ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု " သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ပါသည်။

ထို့နောက် ၁၃၈၆ ခုနှစ် မြန်မာနှစ်သစ်ကူး သက်ကြီးပူဇော်ပွဲအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာတွင်ကျင်းပရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ယခုအခမ်းအနားကို ဘိုးဘွားများအား နှစ်သစ်ကူး

အခါသမယတွင် စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ အဘိုး (၁၂၅)ဦးနှင့် အဖွား (၅၉)ဦး စုစုပေါင်း (၁၈၄) ဦးတို့အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး နှင့် တာဝန်ရှိသူများက အလှူငွေများနှင့် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များအား ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာနည်းလမ်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးမှ တက်ရောက်ခြင်း




**၂၀၂၄ခုနှစ်၊ ဧပြီလ ၉ရက်** **နေပြည်တော်**

လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအား ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို(၉-၄-၂၀၂၄) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ၊မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ အဓိကအားဖြင့် ထိခိုက်လွယ်အုပ်စုများကို လူ့ဘဝတစ်သက်တာလုံး လွှမ်းခြုံမှုရှိစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်ကို ၂၀၁၄ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ်(၈)ရပ်ပါဝင်ပြီး ၎င်းတို့အနက် ငွေကြေးထောက်ပံ့ခြင်း လုပ်ငန်းအစီအစဉ် (၂)ရပ်ဖြစ်သည့် “ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် - MCCT” နှင့် “လူမှုရေးပင်စင် ထောက်ပံ့ခြင်း အစီအစဉ်” တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်ရာတွင် အကျိုးခံစားခွင့်ရှိသူများထံသို့ ငွေကြေးများ တိုက်ရိုက်ထောက်ပံ့ခြင်း (Cash in Envelope) နည်းလမ်းကိုသာ အသုံးပြုလျက်ရှိပါကြောင်း၊ နည်းပညာများကိုလည်း မျှဝေအကြံပေးဆွေးနွေးကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဧပြီလ ၁၁ရက်** **စစ်ကိုင်းတိုင်းဒေသကြီး**



ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲအခမ်းအနားကို (၁၁.၄.၂၀၂၃) ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း (၁၀၀) ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအား အနီးကပ်ကြီးကြပ် လမ်းညွှန်ပေးသော လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်ခင်နွဲ့ အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ပြီး သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးခဲ့ပြီး မုံရွာမူလတန်းကြို ကျောင်းမှ သမီးလေးနှင့် သင်တန်းသူများမှ မူကြိုကဗျာ၊ သီချင်း၊ ပုံပြင်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကာ သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

## ၁၃၈၆ ခုနှစ်၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဧပြီလ ၁၇ရက်** **မွန်ပြည်နယ်**



မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၁၇.၄.၂၀၂၄) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့တွင် မွန်ပြည်နယ်၊မော်လမြိုင်မြို့ရှိ သာသနဒ္ဓဇမာန်တော်ကြီး၌ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားကာ ဘိုးဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ခြင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဘိုးဘွားများအား ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသော အလှူငွေများဖြင့် ဂါရဝပြုကန်တော့ခြင်းနှင့် အခမ်းအနားတက်ရောက်လာသော အဘိုး၊ အဘွားများ ကိုယ်စား အဘိုး(၁)ဦးနှင့် အဘွား(၁)ဦးက ဆုတောင်းမေတ္တာများ ပြန်လည်ပို့သပေးခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားသို့ ကန်တော့ခံ ဘိုးဘွား(၁၀၀)ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အလှူရှင်များ၊ မြို့မိ၊ မြို့ဖများနှင့် ဖိတ်ကြား

ထားသော ဧည့်သည်တော်များ စုစုပေါင်း (၃၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားအပြီးတွင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် အထူးကုသမားတော်များက ဘိုးဘွားများအား ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ခြင်း၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ရပ်ကွက်/ကျေးရွာများအတွင်းရှိ အသက်(၁၀၀)နှစ်နှင့် အထက် ဘိုးဘွားများအား အိမ်တိုင်ရာရောက်လိုက်လံ၍ အလှူငွေများဖြင့် ဂါရဝပြုကန်တော့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဧပြီလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



(၂၄-၄-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အေးချမ်းမွန် မူကြိုကျောင်းနှင့် ကိုးခမ်းကြီးဓမ္မစကူးလ်ကျောင်းတို့၌ ကျောင်းသား/ သူ (၉၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများ၊ ခဲတံနှင့် ဗလာစာအုပ်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဧပြီလအတွင်း မီးဘေးထောက်ပံ့မှုများ




(၁-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၁) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၃,၁၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၉-၄-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၃-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ထန်းတောကျေးရွာအုပ်စု၊ ထန်းတောကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ

ပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၁၁-၄-၂၀၂၄) ရက်နေ့ တွင် မလှိုင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။



(၆-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ဂုဏ်ရွာကျေးရွာအုပ်စု၊ ဂုဏ်ရွာကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၄,၇၀၀/-)နှင့် ကယ်ဆယ် ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၁-၄-၂၀၂၄) ရက်နေ့တွင် ဝမ်းတွင်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၉-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁၀)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၃၈) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၈၉,၈၀၀/-)နှင့်ကယ်ဆယ် ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၂-၄-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။



(၁၀-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုလင်းကျေးရွာအုပ်စု၊ အရှေ့ပုလင်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီးလူနေအိမ်(၇)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၈၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂၇)ဦး အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၅၆,၇၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို(၁၁-၄-၂၀၂၄)ရက်နေ့ တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ ပါသည်။



(၁၁-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရွှေကူကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ (၁) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂,၁၀ဝိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၅) မျိုးတို့ကို (၁၂-၄-၂၀၂၄) ရက်နေ့တွင် ဝမ်းတွင်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၃-၄-၂၀၂၄) ရက်နေ့တွင် အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ (၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၃၀ဝိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၅) မျိုးတို့ကို (၂၄-၄-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၀-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဒုန်းကုန်းကျေးရွာအုပ်စု၊ ဒုန်းကုန်းကျေးရွာ၌ အလုပ်သမားတဲ(၁)လုံး မီးလောင်ကျွမ်းမှုကြောင့် ဘေးသင့်လူဦးရေ(၄)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၈,၄၀ဝိ/-)၊ သေဆုံးသူ(၁)ဦးအတွက် သေဆုံး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀ဝိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၄-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၁-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀ဝိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို(၂၃-၄-၂၀၂၄)ရက်နေ့တွင် ဝမ်းတွင်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဧပြီလအတွင်း ရေဘေးထောက်ပံ့မှုများ

(၁၀-၄-၂၀၂၄)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ တော်ဝင်ဆိပ်ခံတံတားအနီး ဖောင်ကြိုးပြတ်၍ ပင်လယ်ရေပြင်၌ မျောပါနေပြီး ဒုက္ခကြုံတွေ့နေသောရေမျော ဘေးသင့်လူဦးရေ (၃) ဦးအတွက် ခရီးစရိတ် ထောက်ပံ့ငွေကျပ် (၂၃၄,၀၀ဝိ/-)၊ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၈,၀၀ဝိ/-)

နှင့် ကယ်ဆယ်ရေးပစ္စည်း (၄) မျိုးတို့ကို (၁၈-၄-၂၀၂၄) ရက်နေ့တွင် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဧပြီလအတွင်း လေဘေးထောက်ပံ့မှုများ

(၇-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ သရက္ကန်(မ) ကျေးရွာအုပ်စု၊ မင်းကန်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၉,၄၀၀/-)၊ ဒဏ်ရာရထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)နှင့် သေဆုံးသူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) တို့ကို (၁၀-၄-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၇-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နယ် ကျေးရွာအုပ်စု (၂) စုမှ ကျေးရွာ (၃) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၇) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၃၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၇၃,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၁-၄-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၇-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ် ရပ်ကွက် (၂) ခု၊ ကျေးရွာအုပ်စု(၃)စု၊ ကျေးရွာ(၉)ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၃)လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ်(၇၂)လုံးနှင့် ဘုန်းတော်ကြီးကျောင်း (၅) ကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃,၆၇၅,၉၀၀/-)၊ ဘေးသင့်လူဦးရေ (၃၂၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၇၆,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၁၁-၄-၂၀၂၄)ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကျေးရွာအုပ်စု(၄) အုပ်စု၊ ကျေးရွာ (၁၄) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၅၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃,၂၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၄၅) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၅၁၄,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၀-၄-၂၀၂၄) ရက်နေ့တွင် ရမည်းသင်း ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ထနောင်ကုန်း ကျေးရွာနှင့် ခံဘူးကျေးရွာတို့၌ လေပြင်းတိုက်ခတ်မှု ကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၄) လုံးနှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၈)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၃၇,၈၀၀/-) တို့ကို (၁၃-၄-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၄-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် အတွင်းရှိ ကျေးရွာများ၌လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁၄) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၆၀) ဦးတို့အတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၂၆,၀၀၀/-) တို့ကို (၁၃-၄-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၈-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ရွာပုလဲကြီးကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေကျပ် (၃၇,၄၀၀/-)၊ ဘေးသင့်လူဦးရေ (၆) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၂,၆၀၀/-) တို့ကို (၂၃-၄-၂၀၂၄) ရက်နေ့တွင် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၈-၄-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကိုးပင်ကျေးရွာအုပ်စု၊ ဇလဲကျေးရွာ၌ လေပြင်းတိုက်ခတ်ကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၃) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၄၆,၆၀၀/-)၊ ဘေးသင့်လူဦးရေ(၁၃)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၇,၃၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၃-၄-၂၀၂၄) ရက်နေ့တွင် ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## အင်္ဂလိပ်စာ အရည်အသွေးကျွမ်းကျင်မှုမြှင့်တင်ရေးမွမ်းမံသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်လှစ်ခြင်း

**၂၀၂၄ခုနှစ်၊ ဧပြီလ ၂၄ရက်** **နေပြည်တော်**




ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေသော အရာထမ်းများအနေဖြင့် နိုင်ငံတကာစံနှုန်းများအား သိရှိမှတ်သားနိုင်စေရေးနှင့် မိမိတို့နိုင်ငံ၏ လက်ရှိဆောင်ရွက်မှုများနှင့် လိုက်လျောညီထွေစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်းနှင့်အင်္ဂလိပ်စာ ရေးသားရာတွင် သဒ္ဒါအသုံးအနှုန်းများကို မှန်ကန်စွာအသုံးချတတ်စေရန် ရည်ရွယ်၍ အင်္ဂလိပ်စာ အရည်အသွေးကျွမ်းကျင်မှုမြှင့်တင်ရေးမွမ်းမံသင်တန်း (အမှတ်စဉ်-၂) (Refresher Training For English Skills Proficiency Develpoment) ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့မှ (၂၆) ရက်နေ့အထိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

## ထားဝယ်မြို့၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ အမှတ်စဉ်(၈)စက်ချုပ်နှင့် မုန့်မျိုးစုံ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဧပြီလ ၃၀ရက်** **တနင်္သာရီတိုင်းဒေသကြီး**

အမှတ်စဉ် (၈) စက်ချုပ်နှင့် မုန့်မျိုးစုံ သင်တန်းဆင်းပွဲ အခမ်းအနားကို (၃၀-၃-၂၀၂၄) ရက်၊ နံနက် (၉:၀၀) နာရီတွင်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူးမှ အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းပညာများကို ဖွင့်လှစ်ပေးခြင်းဖြင့် အမျိုးသမီးများ ကိုယ်ပိုင်ဝင်ငွေရရှိခြင်း၊ အလုပ်အကိုင်ရရှိခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုမြင့်မားလာခြင်း၊ ဆင်းရဲမှုလျှော့ချခြင်းနှင့် လူမှုစီးပွားဘဝမြင့်တက်လာခြင်းစသည့် အကျိုးကျေးဇူးများရရှိသည့်အပြင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ မြင့်မားလာကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများလျော့ကျမှုကို အထောက်အပံ့ဖြစ်စေကြောင်း၊ ယခုသင်တန်းက ရရှိသောပညာရပ်များကို အမျိုးသမီးများ၏ ဘဝရပ်တည်မှု၊ ကိုယ်ပိုင်ဝင်ငွေ၊ မိသားစုဝင်ငွေများကို တစ်ပိုင်တစ်နိုင်ရရှိနိုင်ပြီး အလုပ်

အကိုင် အခွင့်အလမ်းရှာဖွေနေသူများအတွက်လည်းများစွာ အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းက ရရှိသောပညာရပ်များကို မိမိကိုယ်တိုင်၊ မိသားစုနှင့် ပတ်ဝန်းကျင်အတွက်ပါ အကျိုးရှိစွာ ပြန်လည်အသုံးချသွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ကျောင်းအုပ်မှ ဒေသခံအမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန်၊ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်း ပညာများရရှိခြင်းဖြင့် မိမိကိုယ်မိမိ ရပ်တည်နိုင်ရန်နှင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိစေရန်၊ နိုင်ငံတော် ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားစေရန်နှင့် အမျိုးသမီးများဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန်စသည့် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။




ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ပြီး သင်တန်းသူများ ကိုယ်စား သင်တန်းသူ ဒေါ်ဇာနီစိုးက ကျေးဇူးတင် စကားပြောကြားကာ တက်ရောက်လာကြသူများက သင်တန်းသူများ ချုပ်လုပ်ထားသော ဝတ်စုံများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြပါသည်။

## ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံ့တေး)သို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းမှ ကြည့်ရှုစစ်ဆေးခြင်း




**၂၀၂၄ခုနှစ်၊ ဧပြီလ ၂၉ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် (၂၉-၄-၂၀၂၄) ရက်နေ့တွင် ကော့မှူးမြို့နယ်၊ ငှက်အော်စမ်းကျေးရွာရှိ

လူမှုဝန်ထမ်းဦးစီးဌာန၊ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်တန်းကျောင်းတွင်နေထိုင်စဉ်ကာလအတွင်း သင်တန်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ရေး၊ ဂေဟာ/သင်တန်းကျောင်းများတွင် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ ပြည့်ဝစွာ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်ကိစ္စများနှင့် ပတ်သက်၍ အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်၊ သင်တန်းသားလူငယ်များ နေထိုင်သည့် အိပ်ဆောင်များ၊ စားရိပ်သာများနှင့် သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းသားများ လက်တွေ့သင်ကြား လေ့ကျင့်နေသော သက်မွေးပညာ သင်တန်းများဖြစ်သည့် ဆံသသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ဆပ်ပြာဆီထုတ်လုပ်မှုသင်တန်းနှင့် သံဂဟေဆက်သင်တန်း (ဝရိန်သင်တန်း)များကို ကြည့်ရှု စစ်ဆေးပြီး သင်တန်းကျောင်းတွင် ခေတ်ပေါ်တေးဂီတတီးဝိုင်း တည်ထောင်နိုင်ရေးအတွက် လူငယ်များကို လေ့ကျင့်သင်ကြားပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ပါသည်။ ၎င်းနောက် ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းနှင့် ဘော်လီဘောကွင်းများတွင် လူငယ်များ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်သည်အထိ ကြိုးစားလေ့ကျင့်ကြရန် မှာကြားခဲ့ပါသည်။

## တောင်ပိုင်းခရိုင်လူမှုဝန်ထမ်းရုံးနှင့် သန်လျင်လူငယ်သင်တန်းကျောင်းများသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းမှ ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၄ခုနှစ်၊ ဧပြီလ ၃၀ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ

စိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် (၃၀-၄-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံးနှင့် သန်လျင်လူငယ်သင်တန်းကျောင်းများ သို့ သွားရောက်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန၊ တောင်ပိုင်း ခရိုင်ဦးစီးမှူးနှင့် လူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ် တို့က လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြ ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံးနှင့် ပတ်သက်၍ ခရိုင်မှူးအနေဖြင့် တာဝန် ယူဆောင်ရွက်ရသော ငှက်အော်စမ်းလူငယ်သင်တန်း ကျောင်း၊ သန်လျင်လူငယ်သင်တန်းကျောင်း၊ အမျိုးသမီး များ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် (၁၀) မြို့နယ်တို့တွင် လုပ်ငန်းဆောင်ရွက်ချက်များကို အချက်အလက်များဖြင့် စနစ်တကျ မှတ်တမ်းထားရှိရန်နှင့် တောင်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်(၁၀)မြို့နယ်တွင် လူမှုဝန်ထမ်းလုပ်ငန်း များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ရုံးများ ဖွင့်လှစ်နိုင်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့ပါ သည်။ သန်လျင်လူငယ်သင်တန်းကျောင်းနှင့်ပတ်သက်၍ သင်တန်းကျောင်းတွင် လက်ခံထားရှိသော လူငယ်များ စာရင်းကို ခုနှစ်အလိုက်စာရင်းများ ပြုစုထားရှိရန်၊ သင်တန်းကျောင်းနှင့် အဆောက်အဦများ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးတို့ကို အလေးထားဆောင်ရွက်ရန်၊ အသက်မွေး ဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရာတွင်လည်း လူငယ် များနှင့် ကိုက်ညီမှုရှိသော သင်တန်းများဖြစ်စေရေးနှင့် လူငယ်များ စိတ်ပိုင်းဆိုင်ရာ နူးညံ့ပျော့ပျောင်းမှု ရှိလာစေ ရေးတို့အတွက် ဂီတသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေးတို့ ကို လမ်းညွှန်မှာကြားခဲ့ပါသည်။

